# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်

# နှင့်

# ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံး တို့မှ ဝန်ထမ်းများ တွေ့ဆုံခြင်း

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်သည် ၂၁-၅-၂၀၂၁ ရက်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/လေ့သု)၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် စာရင်းစစ်ရုံးများမှ အရာထမ်းများ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ အရာထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က တက်ရောက်လာသည့် ဝန်ထမ်းများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ရှင်းလင်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများသို့ ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ယခုအကြိမ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့် ပထမဦးဆုံးအကြိမ် လူကိုယ်တိုင်လာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ကို အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားသည့် ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းများ လိုက်နာရမည့်တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အညီလိုက်နာပြီး နိုင်ငံတော်သစ္စာကို စောင့်သိ၍ နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းယန္တရားကို နှောက်ယှက်ဟန့်တားသည့် (CDM) တွင် မိမိဝန်ထမ်းများ ပါဝင်လှုပ်ရှားမှုမရှိအောင် တားဆီးရန် လိုအပ်ကြောင်း။

စာရင်းစစ်များ၏ တာဝန်များမှာ ပြည်သူ့ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲကာ ပြည်သူ့အကျိုးစီပွားရရှိစေရန် အဓိကထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရန် မိမိတို့၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်တက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်တက်လာစေရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပါကြောင်းနှင့် ဝန်ထမ်းများကိုယ်တိုင်သည်လည်း ကြိုးစားရန်လိုအပ်ကြောင်းလမ်းညွှန်မှာကြားပါသည်။ ရန်ကုန်သင်တန်းကျောင်းတွင်လည်း သင်တန်းများ မကြာမီ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ညွှန်ကြားရေးမှူးတို့က ဖွဲ့စည်းပုံနှင့်ဝန်ထမ်းအင်အားအခြေအနေ၊ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရသုံးမှန်းခြေငွေစာရင်းအကောင်အထည်ဖော်မှုအခြေအနေများကို အသီးသီးရှင်းလင်း တင်ပြကြပါသည်။ ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြခြင်းတို့အပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ထပ်မံလမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး တင်ပြသည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး တာဝန်ရှိသူဝန်ထမ်းများအား ဥပဒေဘောင်အတွင်း နေထိုင်ရန်၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနှင့် အမိန့်ညွှန်ကြားချက်များ လိုက်နာရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ကြောင်း သိရသည်။